iBFAM

www.iBFAM.org

BE FRUITFUL AND MULTIPLY



# လိုအပ်သောသမ္မာတရား

သင်ခန်းစာအတွဲ ၄ ခေါင်မိုး

သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင် ၈:၃၂)

| သင်ခန်းစာများ | | စာမျက်နှာ |
|---|---|---|
| ၄ - ၁ | ဘုရားသခင် | - ၃ - |
| | ဘုရားသခင်တစ်ဆူတည်းရှိတော်မူသည် | |
| ၄ - ၂ | ယေရှု | - ၄ - |
| | ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏။ | |
| ၄ - ၃ | သန့်ရှင်းသောဝိညာဉ်တော် | - ၅ - |
| | ခရစ်တော်၏ နောက်တော်လိုက်များသည် သန့်ရှင်းသောဝိညာဉ်တော်ကိုလိုအပ်ပါသည် | |
| ၄ - ၄ | ချစ်ခြင်းမေတ္တာနှင့်ခွင့်လွှတ်ခြင်း | - ၆ - |
| | ယေရှုသည်ချစ်ခြင်းမေတ္တာနှင့်ခွင့်လွှတ်ခြင်းကိုပြသရန် လောကသို့ လာခဲ့ပါသည် | |
| ၄ - ၅ | ဘုရားသခင်၏ရှေ့တော်တွင် ဖြောင့်မတ်ခြင်း | - ၇ - |
| | ကျွန်ုပ်တို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်တွင် အသရေပျက်လျက်ရှိသည်ကိုသိပါ | |
| ၄ - ၆ | ဘုရားသခင်၏နိုင်ငံတော် | - ၈ - |
| | ဝိညာဉ်ရေးရာ ဒုတိယမွေးခြင်းခံယူပါ | |
| ၄ - ၇ | သမ္မာကျမ်းစာ | - ၉ - |
| | ဘုရားသခင်ရေးသားတော်မူသော သမ္မာတရား | |
| ၄ - ၈ | အသင်းတော် | - ၁၀ - |
| | ခရစ်တော်၏နောက်လိုက်များသည် တညီတညွတ်တည်းနေထိုင်ကြသည် | |
| ၄ - ၉ | လောက၏အလင်း | - ၁၁ - |
| | ခရစ်တော်၏အလင်းကို ထင်ဟပ်ပြခြင်း | |
| ၄ - ၁၀ | ထာဝရကာလ | - ၁၂ - |
| | ဘုရားသခင်နှင့် ထာဝရနေရခြင်း (သို့) ထာဝရဝေဒနာခံစားရခြင်း | |
| ၄ - ၁၁ | တရားသူကြီး | - ၁၃ - |
| | ယေရှုခရစ်တော်သည် လူသားအားလုံးကို တရားစီရင်မည် | |
| ၄ - ၁၂ | သခင်ဘုရား၏ပွဲတော်မင်္ဂလာ | - ၁၄ - |
| | ကျွန်ုပ်တို့၏အပြစ်များအတွက် ခရစ်တော်အသေခံခြင်းကို ပြန်လည်အောက်မေ့သတိရခြင်း | |
| ၄ - ၁၃ | ဗတ္တိဇံမင်္ဂလာ | - ၁၅ - |
| | ခရစ်တော်အား ယုံကြည်ကြောင်း အများသူအား ကြေငြာခြင်းဖြစ်သည် | |

# ဘုရားသခင်

ဘုရားသခင် တစ်ဆူတည်းရှိတော်မူသည်

သင်ခန်းစာ
၄ - ၁

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။ ဘုရားသခင်သည် မည်ကဲ့သို့ဖြစ်၍ မည်သူဖြစ်ကြောင်းကျမ်းစာတော်မြတ်က ဖော်ပြပါသည်။ ခရစ်ယာန်များသည် တစ်ဆူတည်းသော ဘုရားကိုသာ ကိုးကွယ်ကြပြီး အခြားသောဘုရားများကို ကိုးကွယ်ခြင်းသည် စစ်မှန်သောဘုရားကို မနာခံခြင်းဖြစ်ကြောင်း ကျမ်းစာတော်မြတ်က ဖော်ပြပါသည်။

**အဓိကကျမ်းပိုဒ် -** … ငါတို့၏ဘုရားသခင်ထာဝရဘုရားသည်တစ်ဆူတည်းသောထာဝရဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် တစ်ပါးတည်းဖြစ်တော်မူ၏။ **(ရှင်မာကုခရစ်ဝင် ၁၂:၂၉)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ရှင်ပေါလုသည် ကြီးမြတ်သော ကနဦးဧဝံဂေလိဆရာများအတနက်တစ်ဦဂအပါအဝင်ဖြစ်မူ၏၊ တစ်နေ့တွင် ရှင်ပေါလုသည် တစ်ဆူတည်းသောဘုရားအကြောင်းကို ပရိတ်သတ်အား မိတ်ဆက်ပေးဖို့ရန် တရားဟောသည်။ ပေါလုဟောပြောသောအရာကို နားထောင်ရန် မြို့တွင်ရှိသောလူများသည် စုဝေးကြသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၂ ထိုအခါ ပေါလုသည် အာရေတောင်ပေါ်၌ ရပ်လျက်၊ အချင်း အာသင်လူတို့၊ သင်တို့သည် ခပ်သိမ်းသောအရာတို့၌ နတ်ဘုရား တို့ကို အလွန်ရိုသေတတ်ကြသည်ကို ငါမြင်ပါ၏၊ ၂၃ လမ်း၌သွား၍ သင်တို့၏ဘုရားများကိုကြည့်ရှုသည်တွင် ငါတို့မသိသော ဘုရားသခင်အဖို့ဟု၍ အက္ခရာတင်သော ယဇ်ပလ္လင်တစ်ခုကိုတွေ့ပါ၏။ သင်တို့သည် မသိဘဲလျက် ကိုးကွယ်သော ဘုရားသခင် ၏အကြောင်းကို ငါဟောပြော၏၊ ၂၄ လောကဓာတ်မှစ၍ လောကဓာတ်၌ရှိလေသမျှသောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည်၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသော အရှင်ဖြစ်၍ လူတို့လက်ဖြင့် လုပ်သောဗိမာန်၌ကျိန်းဝပ်တော်မူသည်မဟုတ်။ ၂၅ ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသော အရာတို့ကိုပေးတော်မူသောအရှင်ဖြစ်၍ တစ်စုံတစ်ခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေးခြင်းကိုခံတော်မူသည်မဟုတ်၊ ၂၆ ဘုရားသခင်သည် မြေတစ်ပြင်လုံး၌ နေရသောလူအမျိုးမျိုးတို့ကို တစ်သွေးတည်းနှင့် ဖန်ဆင်းတော်မူ၍၊ သူတို့အား ခွဲဝေစီမံသောအချိန်ကာလကိုလည်းကောင်း၊ သူတို့၏နေရာအပိုင်းအခြားကိုလည်းကောင်း မှတ်သားတော်မူ၏။ ၂၇ အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။ သို့ဆိုသော်လည်း၊ ဘုရားသခင် သည် ငါတို့တွင် အဘယ်သူနှင့်မျှ ဝေးတော်မူသည်မဟုတ်၊ ၂၈ ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏၊ ထိုသို့နှင့်အညီ သင်တို့သည် လင်္ကာဆရာအချို့တို့က ငါတို့သည်ကား၊ နွယ်တော်သားပင် ဘုရားမျိုးပေ၊ ဖြစ်ကြ လေဟု စပ်ဆိုသတည်း။ ၂၉ ထိုသို့ ငါတို့သည် ဘုရားသခင်၏အမျိုးအနွယ်ဖြစ်လျက်နှင့် လူတို့အတတ်အကြံအစည်အားဖြင့် ထု လုပ်သော ရွှေရုပ်ထု၊ ငွေရုပ်ထု၊ ကျောက်ရုပ်ထုနှင့် ဘုရားသခင်တူတော်မူသည်ဟု မထင်မမှတ်အပ်။ ၃၀ ဘုရားသခင်သည် မိုက်မဲ့ သောအချိန်ကာလတို့ကို အမှုမထားဖူးသော်လည်း ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏။ ၃၁ အကြောင်းမူကား ခန့်ထားတော်မူသောသူအားဖြင့် လောကီသားတို့ကို ဖြောင့် မတ်ခြင်းတရားနှင့်ညီလျှော်စွာ စစ်ကြောစီရင်မည့်နေရက်ကို ချိန်းချက်တော်မူပြီ။ ထိုသူကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့် ခပ်သိမ်းသောလူတို့အား ယုံလောက်သောသက်သေကို ပြတော်မူပြီဟု ပေါလု ဟောပြော၏။

**(တမန်တော်ဝတ္ထု ၁၇:၂၂-၃၁)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ကမ္ဘာ ၁:၁၊ တရာဟော ၆:၄-၅၊ မာကု ၁၂:၃၂၊ ၁တိ ၂:၅-၆၊ ဗျာ ၁:၈ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** စစ်မှန်သောဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ အခြားမှားယွင်းသောဘုရားများကို မကိုးကွယ်မိရန်သတိပြုရမည်။

## ယေရှု

ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူ၏

သင်ခန်းစာ

၄ - ၂

### သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် လောကသို့ မကြွလာမီ ခမည်းတော်ဘုရားနှင့် ကောင်းကင်ဘုံ၌အတူရှိတော်မူ၏။ ယေရှုသည် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်ဖြစ်တော်မူ၏။ အသေခံပြီးနောက် ရှင်ပြန်ထမြောက်တော်မူ၍ ခမည်းတော်ဘုရားရှိရာ ကောင်းကင်ဘုံသို့ ပြန်ကြွတော်မူ၏ လမ်းခရီးတည်းဟူသော ယေရှုအားကိုးကွယ်ရန် နားလည်ရမည်ဖြစ်ပြီး ခမည်းတော်ဘုရားနှင့် ယေရှုသည် တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းသိရကြမည်။

**အဓိကကျမ်းပိုဒ် -** ထိုအကြောင်းအရာမူကား၊ ထာဝရဘုရားသည် ပရောဖက်ဖြင့် ထားတော်မူသော ဗျာဒိတ်တော်ပြည့်စုံမည်အကြောင်းတည်း။ ဗျာဒိတ်တော်အချက်ဟူမူကား ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတ္တံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။ **(ရှင်မဿဲခရစ်ဝင် ၁:၂၂-၂၃)**

### သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

သမိုင်းတစ်လျှောက်လုံးတွင် တစ်နေ့ ယေရှုဆင်းသက်လာမည်ဖြစ်ကြောင်းကြေငြာဖို့ရန် ဘုရားသခင်စေလွှတ်ခဲ့သောသူများစွာ ရှိခဲ့ကြသည်။ ထိုသူများကို ပရောက်ဖက်များဟု ခေါ်သည်။ ယေရှုလောကသို့မဆင်းကြွမီ နှစ်ပေါင်းများစွာက မောရှေနှင့် ဧလိယတည်းဟူသော ပရောဖက်နှစ်ဦးရှိခဲ့ကြသည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ ခြောက်ရက်လွန်သောအခါ ယေရှုသည် ပေတရု၊ ယာကုပ်၊ ယာကုပ်ညီယောဟန်တို့ကို ခေါ်၍မြင့်လှစွာသော တောင်ပေါ်တွင် ဆိတ်ကွယ်ရာအရပ်သို့ ဆောင်ကြွတော်မူ၏။ ၂ သူတို့ရှေ့၌ ထူးခြားသောအဆင်းအရောင်နှင့် ပြည့်စုံသည်ဖြစ်၍၊ မျက်နှာတော်သည် နေကဲ့သို့ ထွန်းတောက်လျက်၊ အဝတ်တော်သည် အလင်းကဲ့သို့ ဖြူလျက်ရှိ၏။ ၃ မောရှေနှင့် ဧလိယသည် ထင်ရှား၍ ကိုယ်တော်နှင့်အတူ စကားပြောလျက်နေကြ၏။ ၄ ထိုအခါ ပေတရုက၊ သခင်၊ ဤအရပ်၌ နေဖွယ်ကောင်းပါ၏။ ကိုယ်တော်ဖို့ တဲတစ်ဆောင်၊ မောရှေဖို့ တစ်ဆောင်၊ ဧလိယဖို့တစ်ဆောင်၊ တဲသုံးဆောင်ကို အလိုတော်ရှိလျှင် အကျွန်ုပ်တို့သည် ဆောက်လုပ်ပါမည်ဟု လျှောက်လေ၏။ ၅ ထိုသို့လျှောက်စဉ်တွင် ထွန်းလင်းသောမိုးတိမ်သည် ထိုသူတို့ကို လွှမ်းမိုး၍၊ ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့ဟု မိုးတိမ်ကအသံတော်ဖြစ်လေ၏။ ၆ တပည့်တော်တို့သည် ကြားရလျှင်၊ ပျပ်ဝပ်၍ အလွန်ကြောက်လန့်ခြင်းရှိကြ၏။ ၇ ယေရှုသည်လာ၍ သူတို့ကို လက်နှင့်တို့တော်မူလျက်၊ ထကြ၊ မကြောက်ကြနှင့်ဟု မိန့်တော်မူသော်၊ ၈ သူတို့သည်ကြည်မျှော်သဖြင့် ယေရှုတစ်ယောက်တည်းမှတပါး အဘယ်သူကိုမျှ မမြင်ကြ။

**( ရှင်မဿဲခရစ်ဝင် ၁၇:၁-၈ )**

### ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

### သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဟေဗြဲ ၁:၁-၃၊ ယောဟန် ၁:၁-၅၊ ကောလောသဲ ၁:၁၅-၂၀၊ ကောလောသဲ ၂:၉၊ ဖိ ၂:၅-၁၁၊ ယော ၃:၁၆ )

### လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုနှင့်ခမည်းတော်ဘုရားသည်တစ်လုံးတစ်ဝတည်း ဖြစ်တော်မူ၏။ ယေရှုသည် ဘုရားသခင်ဖြစ်တော်မူ၏။

# သန့်ရှင်းသောဝိညာဉ်တော်

## ခရစ်တော်၏ နောက်တော်လိုက်များသည် သန့်ရှင်းသောဝိညာဉ်တော်ကို လိုအပ်ပါသည်

သင်ခန်းစာ
၄ - ၃

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းသည် မရှိမဖြစ်လိုအပ်သည်ဟု ခရစ်တော်သည် တပည့်တော်များအား သွန်သင်ခဲ့ပါသည်။ ယေရှုခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်နှ၍် မိတ်သဟာယဖွဲ့ခြင်းရှိခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကူညီမစသောအရှင်ဖြစ်ပြီး ခရစ်တော်၏နောက်လိုက်များအား သမ္မာတရားလမ်းသို့ ဦးဆောင်လမ်းပြမည့်သူဖြစ်သည်။ ခရစ်တော်၏နောက်လိုက်များအား တန်ခိုးကိုလည်းပေးသည်။ ယနေ့ခေတ်ယုံကြည်သူများအတွက် ထိုအရှင်နှင့် မိတ်သဟာယဖွဲ့ခြင်းမျိုးလိုအပ်နေဆဲဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** ငါသည်ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့် အစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လူတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့် အတူတည်နေ၍ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့သည် သိရကြ၏။ **(ရှင်ယောဟန်ခရစ်ဝင် ၁၄:၁၆-၁၇)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုခရစ်တော်သည် တပည့်တော်များအား နောက်ဆုံးမိန့်မှာခဲ့သည့် အရာတစ်ခုမှာ သန့်ရှင်းသောဝိညာဉ်တော်ကို စောင့်ဆိုင်းရန် ဖြစ်သည်။ နာခံသည့် အနေဖြင့် ကြီးမားသော အဖွဲ့တစ်ဖွဲ့သည် ယေရုရှလင်မြို့တွင် စုဝေးခဲ့ကြသည်။ ရက်အတော်အတန်ကြာသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် စုဝေးရောက်ရှိသောသူများအပေါ်သို့ ရောက်ရှိလာသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ထိုသူအပေါင်းတို့သည် တညီတညွတ်တည်း စည်းဝေး၍နေကြ၏။ ၂ ထိုအခါလေပြင်းမုန်တိုင်းကဲ့သို့သောအသံသည် တစ်ခဏချင်းတွင် ကောင်းကင်မှလာ၍၊ ထိုသူတို့ နေထိုင်သောအိမ်ကို ဖြည့်လေ၏။ ၃ ထိုခဏချင်းတွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား၍ ထိုသူအသီးအသီးတို့အပေါ်၌ တည်နေကြ၏။ ၄ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏။ ၅ ထိုကာလအခါ ကောင်းကင်အောက်တွင် ရှိလေသမျှသောလူမျိုးထဲက ဘုရားကိုရိုသေသော ယုဒလူတို့သည် ယေရုရှလင်မြို့၌ တည်းနေကြသတည်း။ ၆ ထိုအသံကို ကြားရသောအခါ လူများတို့သည် စုဝေးလာကြလျှင်, အသီးသီးအခြားခြားသော မိမိတို့ ဘာသာစကားဖြင့် တမန်တော်တို့ဟောပြောသည်ကို ကြားရ၍ မှိုင်တွေလျက်ရှိနေကြ၏။ ၇ ထိုလူအပေါင်းတို့သည် အံ့ဩမိန်းမောတွေတေလျက်ရှိ၍ ယခုဟောပြောသောသူအပေါင်းတို့သည် ဂါလိလဲလူဖြစ်ကြသည် မဟုတ်လော။ ၈ သို့ဟုတ်လျှင် ငါတို့သည် အသီးအသီးမွေးဖွားရာဌာန၏ဘာသာစကားများကို ကြားရသည်ကား အဘယ်သို့နည်း။ .... အသက်ငယ်သောသူတို့သည် ဗျာဒိတ်ရူပါရုံကို မြင်ရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည်လည်း နိမိတ်အိမ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ **(** တမန်တော်ဝတ္ထု ၂:၁-၁၇ **)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ယောဟန် ၁၆:၁၃၊ တမန် ၁:၈၊ လုကာ ၁၁:၁၃၊ ၁ကော ၁၂:၇-၁၁၊ ဂလာတိ ၅:၁၆ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောကြောင့် ကနဦး ခရစ်တော်၏နောက်တော်လိုက်များသည် သူတို့နေထိုင်သော လောကတွင် အကျိုးသက်ရောက်မှုများ ပြုလုပ်ခဲ့ကြသည်။ ယနေ့တွင် ကျွန်ုပ်တို့သည်လည်း ကနဦး ခရစ်တော်၏နောက်လိုက်များကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝဖို့ရန် လိုအပ်ပါသည်။

# ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်း

ယေရှုသည် ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းကိုပြသရန် လောကသို့လာခဲ့ပါသည်

သင်ခန်းစာ
၄ - ၄

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုက သူ၏မေတ္တာနှင့်ခွင့်လွှတ်ခြင်းကို လူအများကို ပြသရန်အတွက် ကြွလာခဲ့ပါသည်။ ခရစ်တော်၏ နောက်လိုက်များအနေဖြင့်လည်း လူအများကို မေတ္တာနှင့်ခွင့်လွှတ်ခြင်းပြသရန် လိုအပ်ပါသည်။

**အဓိကကျမ်းပိုဒ်** - ငါပညတ်ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့။
**(ရှင်ယောဟန် ၁၅:၁၂)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှု ဤလောကတွင်ရှိစဉ်က လူအများသည် မောရှေ၏ပညတ်အောက်တွင် ရှိနေကြပါသည်။ ဤအဖြစ်အပျက်တွင် ယေရှုက လူအများအား ချစ်ခြင်းနှင့်ခွင့်လွှတ်ခြင်းအားဖြင့် မည်သို့အသက်ရှင်ရမည်ကို နည်းလမ်းအသစ်အနေဖြင့် ပြသခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂ နံနက်စောစောဗိမာန်တော်သို့ တစ်ဖန်ကြွတော်မူ၍ လူအပေါင်းတို့သည် အထံတော်သို့ လာကြ၏၊ ထိုအခါ ထိုင်တော်မူ၍ ဆုံးမ
သြဝါဒပေးစဉ်တွင်။ ၃ မှားယွင်းခြင်းအမှုကို ပြုလျက်နေသော မိန်းမတစ်ယောက်ကိုတွေ့လျှင်၊ ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့
သည် ခေါ်ခဲ့၍ အလယ်၌ထားပြီးမှ၊ ၄ အရှင်ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်းအမှုကို ပြုစဉ်တွင်ပင် တွေ့မိပါသည်။ ၅ ထိုသို့
သော မိန်းမကို ကျောက်ခဲနှင့်ပစ်ရမည်ဟု မောရှေသည် အကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်
ည် အဘယ်သို့ မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။ ၆ ထိုသို့လျှောက်ကြသော်၊ ကိုယ်တော်၌ အပြစ်တင်ခွင့်ရှိစေခြင်းငှာ၊ စုံစမ်း
နှောင့်ယှက်သောအားဖြင့် လျှောက်ကြ၏၊ ယေရှုသည် အောက်သို့ငုံ့လျက် လက်ညှိုးတော်နှင့် မြေ၌ရေးသား၍ နေတော်မူ၏။ ၇
ထိုသူတို့သည် အထပ်ထပ်မေးလျှောက်ကြသောအခါ ကိုယ်ကိုလှန်တော်မူ၍၊ သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေ့ဦးစွာ
ကျောက်ခဲနှင့်ပစ်စေဟု မိန့်တော်မူပြီးမှ၊ ၈ တစ်ဖန်အောက်သို့ငုံ့၍ မြေ၌ ရေးသားတော်မူပြန်၏၊ ၉ ထိုသူတို့သည် ကြားရလျှင် မိမိ
တို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊ အသက်ကြီးသောသူမှစ၍ အငယ်ဆုံးသောသူတိုင်အောင် တစ်ယောက်နောက်
တစ်ယောက် ထွက်သွားကြ၏၊ ယေရှုသည် တစ်ယောက်တည်း ကျန်ရစ်တော်မူ၍၊ မိန်းမသည် အလယ်၌ရပ်နေ၏။ ၁၀ ထိုအခါ
ယေရှုသည် ကိုယ်ကိုလှန်တော်မူပြန်၍၊ ထိုမိန်းမမှတစ်ပါး အဘယ်သူကိုမျှ မမြင်လျှင်၊ အချင်းမိန်းမ၊ သင့်ကို အပြစ်တင်သောသူ
တို့သည် အဘယ်မှာရှိကြသနည်း။ သင်၏အမှုကို အဘယ်သူမျှမစီရင်လောဟု မေးတော်မူ၏။ ၁၁ ထိုမိန်းမကလည်း၊
အဘယ်သူမျှ မစီရင်ပါသခင်ဟု လျှောက်၏။ ငါသည်လည်း သင်၏အမှုကို မစီရင်။ သွားလော့။ နောက်တစ်ဖန်
ဒုစရိုက်ကိုမပြုနှင့်ဟု မိန့်တော်မူ ၏။ **(ရှင်ယောဟန်ခရစ်ဝင်၊ ၈:၂-၁၁)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ယောဟန် ၁၅:၁၂-၁၇၊ ၁ယော ၂:၈-၁၁၊ ၁ယော ၃:၁၆၊ ၁ယော ၄ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - ယေရှုသည် ချစ်ခြင်းမေတ္တာနှင့်ခွင့်လွှတ်ခြင်းကို ပြသရာတွင် ကျွန်ုပ်တို့အတွက် စံနမူနာဖြင့်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည်လည်း ခရစ်တော်၏နောက်တော်လိုက်များဖြစ်လျှင် ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းကို ပြသရန် လိုအပ်ပါသည်။

# ဘုရားသခင်၏ရှေ့တော်တွင် ဖြောင့်မတ်ခြင်း

ကျွန်ုပ်တို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်တွင် အသရေပျက်လျက်ရှိသည်ကိုသိပါ

သင်ခန်းစာ
၄ - ၅

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

လူအပေါင်းတို့သည် ဘုရားသခင်၏ရှေ့တော်တွင် အသရေပျက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ကောင်းသောအရာများပြုလုပ်ခြင်းအားဖြင့်လည်း ပိုကောင်းရန်မလုပ်နိုင်ပါ။ ကျွန်ုပ်တို့သည် မိမိတို့၏အပြစ်သားဘဝကိုသိပြီး ဘုရားသခင်ထံမှ ကရုဏာကိုတောင်းခံရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကရုဏာကိုတောင်းဆိုမည်ဆိုလျှင် ဘုရားသခင်ရှေ့တော်၌ဖြောင့်မတ်ခွင့်ရလာမည်ဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။ **(** ရောမသြဝါဒစာ ၃:၂၃ **)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုက လူနှစ်ဦးအကြောင်းကို ဥပမာပေး၍ ပြောခဲ့ပါသည်။ တစ်ဦးသည် ဖာရိရှဲဖြစ်ပြီး ဘာသာရေးအကြီးအကဲဖြစ်ပါသည်။ နောက်တစ်ဦးမှာ အခွန်ခံဖြစ်ပြီး လူအများ၏မုန်းတီးခြင်းကို ခံရသောသူဖြစ်ပါသည်။ ဤအဖြစ်အပျက်တွင် ဘုရားသခင်ရှေ့တော်တွင် ဖြောင့်မတ်ခြင်းရခြင်းဆိုသည်မှာ ဘုရားသခင်၏အပြစ်လွှတ်ပေးခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်းတွေ့ရပါသည်.

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၀ လူနှစ်ယောက်တို့သည် ဆုတောင်းပတ္ထနာပြုခြင်းငှာ ဗိမာန်တော်ပေါ်သို့ တတ်ကြ၏။ တစ်ယောက်ကား ဖာရိရှဲဖြစ်၏။ တစ်ယောက်ကားအခွန်ခံဖြစ်၏။ ၁၁ ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက်၊ အိုဘုရားသခင်၊ သူတစ်ပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း အပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။ ၁၂ အကျွန်ုပ်သည် ခုနစ်ရက်တါင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဖို့တစ်ဖို့ လှူပါ၏ဟူ၍ ဆုတောင်းပတ္ထနာပြု၏။ ၁၃ အခွန်ခံမူကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ ရင်ဘက်ကိုခက်လျက်၊ အိုးဘုရားသခင်၊ အပြစ်များသောအကျွန်ုပ်ကို သနားခြင်းကရုဏာစိတ်ရှိတော်မူပါဟု ဆုတောင်းလေ၏။ ၁၄ ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက် မိမိအိမ်သို့ပြန်သွား၏၊ ဖာရိရှဲမူကား အပြစ်မပြေ၊ အကြောင်းမူကား ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ရောက်လတ္တံ့။ ကိုယ်ကိုကိုယ် နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတ္တံ့ဟု မိန့်တော်မူ၏။ **(** ရှင်လုကာခရစ်ဝင် ၁၈:၁၀-၁၄ **)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ရောမ ၃:၂၄၊ ရောမ ၄:၄-၅၊ ရောမ ၄:၂၅၊ ရောမ ၅:၁-၂၊ ရောမ ၅:၈-၁၀၊ ရောမ ၁၀:၁၀၊ ယာကုပ် ၂:၂၀-၂၆ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** လူအပေါင်းတို့သည် အပြစ်နှင့်ပြည့်ဝပြီး၊ ဖြောင့်မတ်ခြင်းရရန်လိုအပ်ပါသည်။ ဖြောင့်မတ်ခြင်း ရရှိရန် ဦးစွာ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တွင် အပြစ်သားဖြစ်သည်ဟုသိရန်လိုအပ်ပြီး ဘုရားသခင်၏ကရုဏာကို တောင်းခံရန်လိုအပ်ပါသည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့အား ဖြောင့်မတ်စေနိုင်ပါသည်။

# ဘုရားသခင်၏နိုင်ငံတော်

ဝိညာဉ်ရေးရာ ဒုတိယမွေးခြင်းခံယူပါ

သင်ခန်းစာ ၄ - ၆

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို မကြာခဏမိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်၏နိုင်ငံတော်ဆိုသည်မှာ ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် ရှိခြင်းဖြစ်ပါသည်။ ခရစ်တော်၏နောက်လိုက်များသည်လည်း ဘုရားသခင်၏နိုင်ငံတော်သားများ ဖြစ်ကြပါသည်။ ဝိညာဉ်တော်၌ ဒုတိယမွေးခြင်းမခံမယူဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်နိုင်ပါ။

**အဓိကကျမ်းပိုဒ်** - လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ **(ကောရိန္သုဩဝါဒစာဒုတိယစောင် ၅း၁၇)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

နိကောဒင်အမည်ရှိသော လူတစ်ဦးသည် ယေရှုထံသို့လာ၍ မေးခွန်းမေးပါသည်။ နိကောဒင်သည် အထူးအရေးပါသော ဘာသာရေးအကြီးအကဲတစ်ဦးဖြစ်ပါသည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ ယုဒလူတို့တွင် အရာရှိဖြစ်သော နိကောဒင်အမည်ရှိသော ဖာရိရှဲတစ်ယောက်သည်။ ၂ ညအခါ ယေရှုထံတော်သို့လာ၍ အရှင်ဘုရား၊ ကိုယ်တော်သည်ပြုတော်မူသော ဤနိမိတ်လက္ခဏာတို့ကို ဘုရားသခင်၏အခွင့်မရှိလျှင် အဘယ်သူမျှ မပြုနိုင်သည်ကို အကျွန်ုပ်တို့သည်ထောက်၍၊ ကိုယ်တော်သည် ဘုရားသခင်အထံတော်မှ ကြွလာတော်မူသောဆရာဖြစ်ကြောင်းကို သိကြပါ၏ဟု လျှောက်သော်၊ ၃ ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ဘုရားသခင်သခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ ၄ နိကောဒင်ကလည်း၊ အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ်သို့ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲသို့ တစ်ဖန်ဝင်၍ မွေးခြင်းကို ခံနိုင်ပါမည်လောဟု လျှောက်၏။ ၅ ယေရှုကလည်း ရေနှင့် ဝိညာဉ်တော်မမွေးသောမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။ ၆ ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ၇ ဒုတိယမွေးခြင်းကို ခံရမည်ဟု ငါဟောပြောသည်ကို အံ့သြခြင်းမရှိနှင့်။ ၈ လေသည်အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်။ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်ဟု မိန့်တော်မူ၏။ **(ရှင်ယောဟန်ခရစ်ဝင် ၃း၁-၈)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ယောဟန် ၁၈:၃၆၊ တမန် ၁:၃၊ ရောမ ၆:၄၊ ၂တိ ၄:၁၈၊ ၁ပေ ၁:၂၃၊ ၂ပေ ၁:၁၁ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃း၁၆-၁၇)

နိဂုံး - ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မဝင်ရဟု မိန့်တော်မူပြီးနောက် နိကောဒင်အားလည်း ရေနှင့်၎င်း၊ဝိညာဉ်တော်နှင့်၎င်း၊ မွေးခြင်းကို ခံယူရမည်ဟု မိန့်တော်မူခဲ့ပါသည်။

# သမ္မာကျမ်းစာ

ဘုရားသခင်ရေးသားတော်မူသော သမ္မာတရား

သင်ခန်းစာ

၄ - ၇

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

သမ္မာကျမ်းစာသည် သန့်ရှင်းသော ကျမ်းပိုဒ်များဖြစ်ပြီး၊ တန်ခိုးနှင့်ပြည့်စုံပါသည်။ သမ္မာကျမ်းစာ၌ပါသော သမ္မာတရားသည် ကျွန်ုပ်တို့၏နှလုံးသားနှင့်စိတ်ကို ပြောင်းလဲစေနိုင်ပါသည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အတွက် လိုအပ်သောအရာပင်ဖြစ်ပြီး ဘုရားသခင်၏အကြောင်းကို ပြောပြနိုင်သော တစ်ခုတည်းသော စာအုပ်ဖြစ်သည်။ သမ္မာကျမ်းစာသည် ဘုရားသခင်ထံမှလာသော တစ်ခုတည်းသောစာအုပ်ဖြစ်ပါသည်။

**အဓိကကျမ်းပိုဒ် -** ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏။

**(တိမောသေဩဝါဒစာဒုတိယစာစောင် ၃:၁၆-၁၇)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် သူ၏ကိုယ်ပိုင်သာသနာလုပ်ငန်းကို မလုပ်ဆောင်မီတွင် နတ်ဆိုး၏ရင်ဆိုင်တိုက်ခိုက်ခြင်းကို ခံရပါသည်။ ထိုစုံစမ်းခြင်းကို ယေရှုက ကျမ်းချက်များကို အမှီပြုပြီး ရင်ဆိုင်တွန်းလှန်ခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ ထိုအခါ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ပို့ဆောင်တော်မူ၍၊ ၂ ဘေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။ ၃ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေ ခြင်းငှာ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။ ၄ ယေရှုကလည်း၊ လူသည်မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်ဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။ ၅ ထိုအခါ မာရ်နတ်သည် ယေရှုကိုသန့်ရှင်းသော မြို့တော်သို့ ဆောင်သွား၍ ဗိမာန်တော်၏အထွဋ်၌တင်ထားပြီးလျှင်၊ ၆ ကျမ်းစာလာသည်ကား ကောင်းကင် တမန်တို့အား သင့်အဖို့မှာထားတော်မူသည်ဖြစ်၍ သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှာ သူတို့သည် သင့်ကို လက်နှင့် မစချီပင့်ကြလိမ့်မည်ဟု လာ၏။ ထိုကြောင့် ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကို အောက်သို့ချလိုက်တော်မူပါဟု လျှောက် လေ၏။ ၇ ယေရှုကလည်း သင်၏ဘုရားသခင် ထာဝရဘုရားကို သင်သည် အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန်သည်ဟု မိန့် တော်မူ၏။ ၈ တစ်ဖန်မာရ်နတ်သည် ယေရှုကို အလွန်မြင့်လှစွာသော တောင်ပေါ်သို့ဆောင်သွား၍ ဤလောက၌ရှိသမျှသော တိုင်းနိုင်ငံတို့ကိုလည်းကောင်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်းကိုလည်းကောင်း ပြည့်သွန်၍၊ ၉ ကိုယ်တော်သည်ငါ့ကို ညွတ်ပျပ် ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်ဟု ဆိုလေ၏။ ၁၀ ယေရှုကလည်း အချင်းစာတန် ငါ့နောက်သို့ဆုတ်လော့။ သင် ၏ ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏။ ၁၁ ထိုအခါ မာရ်နတ်သည် အထံတော်မှထွက်သွား၍ ကောင်းကင်တမန်တို့သည် ချဉ်းကပ်လျက် လုပ်ကျွေးကြ၏။ **(ရှင်မဿဲခရစ်ဝင် ၄:၁-၁၁)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဆာလံ ၁၁၉၊ ရောမ ၁၀:၁၇၊ ဧဖက် ၆:၁၃-၁၇၊ ၂ပေ ၁:၂၀-၂၁၊ ယာကုပ် ၁:၂၁ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** လူအပေါင်းတို့သည် အပြစ်နှင့်ပြည့်ဝပြီး ဖြောင့်မတ်ခြင်းရရန်လိုအပ်ပါသည်။ ဖြောင့်မတ်ခြင်းရရှိရန် ဦးစွာ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တွင် အပြစ်ရှိသည်ဟု သိရန်လိုအပ်ပြီး ဘုရားသခင်၏ကရုဏာကို တောင်းခံရန်လိုအပ်ပါသည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့အား ဖြောင့်မတ်စေနိုင်ပါသည်။

# အသင်းတော်

## ခရစ်တော်၏နောက်လိုက်များသည် တညီတညွတ်တည်းနေထိုင်ကြသည်

သင်ခန်းစာ
၄ - ၈

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် ဤလောကအားစွန့်ခွာပြီး ခမည်းတော်ဘုရားသခင်ရှိတော်မူသော ကောင်းကင်နိုင်ငံတော်သို့ ကြွပြန်သောအခါ အသင်းတော်အား သူ၏ကိုယ်စားအဖြစ် လောကတွင်ထားရှိခဲ့ပါသည်။ ခရစ်တော်၏နောက်လိုက်များအနေဖြင့် အခြားခရစ်တော်၏နောက်လိုက်များနှင့် သင့်တင့်စွာနေထိုင်လျက် တစ်ဦးနှင့်တစ်ဦး ယုံကြည်ခြင်း၌ တိုက်တွန်းခွန်အားပေးဖို့ရာလိုအပ်ပါသည်။ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်ပြီး အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်ပါသည်။

**အဓိကကျမ်းပိုဒ် -** ငါဆိုသည်ကား သင်သည်ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ၏အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။ **(ရှင်မဿဲခရစ်ဝင် ၁၆:၁၈)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် ကောင်းကင်ဘုံ၌ရှိတော်မူသောခမည်းတော်ထံသို့ ပြန်ပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်ကြွလာသောအခါ ယုံကြည်သူများ၏အရေအတွက်မှာ လျှင်မြန်စွာကြီးထွားလာသည်။ မကြာခင်မှာပင် ယုံကြည်သူများသည် အတူတကွ ဝတ်ပြုကိုးကွယ်ခြင်း၊ ကျမ်းစာလေ့လာခြင်းများအတွက် တွေ့ဆုံကြပါသည်။ ထိုယုံကြည်သူများသည် မုဆိုးများနှင့်လိုအပ်သောသူများအား ဂရုစိုက်ခြင်းတို့ကို ပြုလုပ်ကြသည်။ ယေရုရှလင်မြို့တွင်ရှိသော အသင်းတော်တွင် ကွဲပြားသောအဖွဲ့နှစ်ဖွဲ့ရှိပါသည်။ တစ်ဖွဲ့မှာ ဟေလေနစ်ဂျူးဟုခေါ်ဝေါ်သော ဂရိစကားပြောသောသူများ၊ နောက်တစ်ဖွဲ့မှာ ဟေဗြဲစကားကိုပြောသော ဟေဗြဲဂျူးများဖြစ်ကြ သည်။ ဤအဖြစ်အပျက်တွင်ပါရှိသော ယဇ်ပုရောဟိတ်များမှာ ဟေဗြဲအမျိုးယဇ်ပုရောဟိတ်များဖြစ်ကြသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ ထိုကာလ၌ တပည့်တော်တို့သည် များပြားသည်ရှိသော၊ နေ့ရက် အစဉ်အတိုင်း လုပ်ကျွေးသောအခါ ဟေလေနစ်အမျိုးမုဆိုးမတို့ကို မလုပ်မကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကို အပြစ်တင်ကြ၏။ ၂ ထိုအခါ တစ်ကျိပ်နှစ်ပါးသော တမန်တော်တို့သည် တပည့်တော်အပေါင်းတို့ကို ခေါ်ပြီးလျှင်၊ ငါတို့သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုထား၍ စားပွဲ၌ လုပ်ကျွေးမှုကို မဆောင်သင့်။ ၃ ထို့ကြောင့် ညီအစ်ကိုတို့၊ ဝိညာဉ်တော်နှင့်လည်းကောင်း၊ ပညာနှင့်လည်းကောင်း၊ ပြည့်စုံလျက်၊ အသရေရှိသော လူခုနစ်ယောက်တို့ကို သင်တို့တွင် ရှာကြလော့။ ဤအမှုကို ဆောင်ရွက်စေခြင်းငှာ ထိုသူတို့ကို ငါတို့သည် ခန့်ထားကြမည်။ ၄ ငါတို့မူကား၊ ဆုတောင်းပတ္ထနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကို ဟောပြောခြင်းအမှုတို့ကို အမြဲပြု၍ နေမည်ဟု ဆိုကြ၏။ ၅ ထိုစကားကို လူအစုအဝေးအပေါင်းတို့သည် နှစ်သက်ကြသဖြင့်၊ ယုံကြည်ခြင်းနှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ပြည့်စုံသော သတေဖန်မှစ၍ ဖိလိပ္ပု၊ ပြောခေါ်၊ နိကနော်၊ တိမုန်၊ ပါမေန၊ ယုဒ ဘာသာဝင်သော အန္တိအုတ်မြို့သား နိကောလတို့ကို ရွေးကောက်၍ ၆ တမန်တော်တို့ရှေ့၌ ထားကြ၏။ တမန်တော်တို့သည်လည်း ဆုတောင်းပြီးလျှင် ထိုသူတို့၏ ခေါင်းပေါ်၌ လက်ကိုတင်ကြ၏။ ၇ ဘုရားသခင်၏ သာသနာတော်သည် တိုးပွားသဖြင့် ယေရုရှလင်မြို့၌ တပည့်တော်တို့သည် အလွန်ပွားများ၍ ယဇ်ပုရောဟိတ် အပေါင်းတို့သည် ယုံကြည်ခြင်းတရားကို နားထောင်ကြ၏။
**(တမန်တော်ဝတ္ထု ၆:၁-၇)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( တမန် ၂:၄၂-၄၇၊ ၁ကော ၁၂:၁၂-၂၈၊ ဟေဗြဲ ၁၀:၂၅၊ ဖေက် ၂:၁၉-၂၁၊ ဖေက် ၄:၁၄-၁၆ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ကျမ်းစာသည် အသင်းတော်အား လူ့ကိုယ်ခန္ဓာနှင့် နှိုင်းယှဉ်ထားသည်။ လူ့ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းအားလုံးသည် တိကျသော လုပ်ငန်းတာဝန်များရှိပြီး အစိတ်အပိုင်းတိုင်းသည် အခြားသော အစိတ်အပိုင်းတိုင်းကို မှီခိုနေရသည်။ ခရစ်တော်၏နောက်လိုက်များသည် မိမိတို့၏တာဝန်များတွင် သစ္စာရှိစွာလုပ်ဆောင်လျက် ကျန်ရှိအသင်းတော်၏ အင်္ဂါအစိတ်အပိုင်းများနှင့်လည်း ပါဝင်လုပ်ဆောင်သင့်သည်။

# လောက၏အလင်း

ခရစ်တော်၏အလင်းကို ထင်ဟပ်ပြခြင်း

သင်ခန်းစာ

၄-၉

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ခရစ်တော်၏နောက်လိုက်များအနေဖြင့် ကျွန်ုပ်တို့၏အသက်တာများသည် ခရစ်တော်အသက်ရှင်ခဲ့သည့်အတိုင်း ရောင်ပြန်ဟပ်ကာ အသက်တာများတွင် ပေါ်လွင်စေရန်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာများအားဖြင့် ခရစ်တော်သည် မည်သူဖြစ်ကြောင်း ဤလောကသို့ ထင်ရှားပြသသင့်ပါသည်။

**အဓိကကျမ်းပိုဒ်** - ထိုနည်းတူ သူတစ်ပါးတိုသည် သင်တို့၏ ကောင်းသောအကျင့်ကို မြင်၍ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။ **(ရှင်မဿဲခရစ် ၅:၁၆)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ကြီးမားသောလူထုကြီးသည် ယေရှုသွန်သင်သောအရာများကို နားထောင်ဖို့ရန် စုဝေးကြပါသည်။

သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၁ ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ ၁၂ ဝမ်း
မြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။ သင်တို့ရှေ့က ပေါ်
ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူ ညှဉ်းဆဲကြပြီ။ ၁၃ သင်တို့သည် ဤလောက၏ဆားဖြစ်ကြ၏။ ဆားမူကား၊
အငန်ကင်ပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ ရပြန်မည်းနည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှတစ်ပါး
အဘယ်အသုံးမျှမဝင်၊ ၁၄ သင်တို့သည် ဤလောကက၏ အလင်းဖြစ်ကြ၏။ တောင်ထိတ်၌တည်သော မြို့ကို မကွယ်နိုင်။ ၁၅ ဆီ
မီးထွန်း၍ တောင်းဇလားအောက်၌ ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကိုရစေခြင်းငှာ ဆီးမီးခုံပေါ်မှာ
တင်ထားလေ့ရှိ၏။ ၁၆ ထိုနည်းတူ သူတစ်ပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကို မြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော
သင်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ၊ သူတစ်ပါးရှေ့ ၌ သင်တို့အလင်းကို လင်းစေကြလော့။

**(ရှင်မဿဲခရစ်ဝင် ၅:၁၁-၁၆)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁ယော ၁:၇၊ ၁ယော ၂:၁၀၊ ၂ကော ၄:၆၊ မဿဲ ၅-၇ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - ကောင်းသောအကျင့်များနှင့် ကောင်းသောအသက်တာတွ၍် မည်ကဲ့သို့အသက်ရှိရမည်ကို သူ၏နောက်လိုက်များအား ယေရှုသွန်သင်ခဲ့ပါသည်။

# ထာဝရကာလ

## ဘုရားသခင်နှင့်ထာဝရနေရခြင်း **(သို့)** ထာဝရဝေဒနာခံစားရခြင်း

**သင်ခန်းစာ ၄ - ၁၀**

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘဝဆိုသည်မှာ သေလွန်သော်လည်းမပြီးသေးပါ။ ထာဝရကာလအတွက် ဆက်လက်ရှင်သန်ရဦးမည်။ လူသားအားလုံးသည် လောကတွင် အသက်ရှင်ခဲ့သည့် အသက်တာအပေါ်မူတည်၍ ဖြေရှင်းချက်ပေးရဦးမည်ဖြစ်သည်။ ခရစ်တော်၏နောက်လိုက်များ သည် ခရစ်တော်နှင့်အတူ ထာဝရကာလတွင် အသက်ရှင်ရမည်ဖြစ်ပြီး၊ ခရစ်တော်၏နောက်တော်သို့မလိုက်သူများသည် ဘုရား သခင်၏မျက်မှောက်တော်နှင့်ဝေးလျက် မချိမဆံ့ဝေဒနာများနှင့်အတူ ထာဝရကာလတွင် အသက်ရှင်ရမည်ဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့် သင်္ချိုင်းမှာရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကို ကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတံ့. ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့ လည်းကောင်း၊ ဆိုး ယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတံ့။

**(ရှင်ယောဟန် ၅:၂၈-၂၉)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ဆင်းရဲသားတစ်ဦးနှင့် လူချမ်းသာတစ်ဦး၏အကြောင်းကို အသုံးပြုလျက် ထာဝရကာလအကြောင်းကို တပည့်တော်များအား ခရစ်တော်သွန် သင်ခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၉ တစ်ဖန်တုံ၊ သူဌေးတစ်ယောက်သည် နီမောင်းသော ကမ္ဗလာနှင့်ပိတ်ချောကို ဝတ်ဆင်၍၊ ကာမဂုဏ်စည်းစိမ်၌ နေ့တိုင်းပျော်မွေ့လျက်နေ၏။ ၂၀ လာဇရုအမည်ရှိသော သူဆင်းရဲတစ်ယောက်သည် တစ်ကိုယ်လုံး၌အနာစိမ်းပေါက်၍၊ ၂၁ သူဌေး၏စားပွဲမှကျသောစားနုပ်စားပေါက်ကို စားပါရစေဟု တောင်းတသောစိတ်နှင့် သူဌေးအိမ်တံခါးနားမှာ တုံးလုံးနေ၏။ ခွေးတို့သည်လာ၍ အနာစိမ်းများကို လျက်ကြ၏။ ၂၂ တစ်နေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ် ခြင်းကို ခံရလေ၏။ ၂၃ မရဏာနိုင်ငံ၌ပြင်းပြစွာသောဝေဒနာကိုခံရလျက် မျှော်ကြည့်၍ အာဗြဟံကိုလည်းကောင်း၊ အာဗြဟံ၏ ရင်ခွင်၌ လာဇရုကိုလည်းကောင်း အဝေးကမြင်လျှင် ၂၄ အိုအဘ အာဗြဟံ၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရ သောကြောင့် လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှာ သူ့ကိုအကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော် လေ၏။ ၂၅ အာဗြဟံကလည်း ငါ့သား၊ သင်သည် အသက်ရှင်စဉ်အခါ ချစ်သာရသည်ကိုလည်းကောင်း၊ လာဇရုသည် ဆင်းရဲစွာနေရသည်ကို လည်းကောင်းအောက်မေ့လော့။ ယခုမူကား၊ သူသည် သက်သာခြင်းရှိ၏။ သင်သည်ဒုက္ခဝေဒနာကို ခံရ၏။ ၂၆ ထိုမှတစ်ပါး ငါတို့နှင့် သင်တို့ စပ်ကြား၌ အလွန်နက်လှသော ချောက်ကြီးတည်လျက်ရှိ၏။ ထိုကြောင့် ဤအရပ်မှ သင်တို့ရှိရာသို့ ကူးချင်သော မကူးနိုင်။ ထိုအရပ်မှ ငါတို့ရှိ ရာသို့ ကူးချင်သောသူလည်း မကူးနိုင်ဟု ဆို၏။ ၂၇ သူဌေးကလည်း အိုအဘ ထိုသို့မှန်လျှင်၊ ၂၈ အကျွန်ုပ်၌ ညီငါးယောက်ရှိပါသည်ဖြစ်၍ သူတို့ သည် ဖြစ်၍ သူတို့သည် ဤပြင်းပြစွာခံရာအရပ်သို့ မရောက်မည်အကြောင်း၊ သူတို့အား သက်သေခံစေခြင်းငှာ လာဇရုကို အကျွန်ုပ်အဘ၏အိမ် သို့စေလွှတ်တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု ပြောဆိုလျှင်၊ ၂၉ အာဗြဟံက၊ သင်၏ညီတို့၌ မောရှေမှစ၍ ပရောဖက်များရှိကြ၏။ ပရော ဖက်တို့၏စကားကို နားထောင်ကြစေဟု ဆို၏။ ၃၀ သူဌေးကလည်း မဟုတ်ပါ အဘအာဗြဟံ၊ သေသောလူစုထဲက တစ်ယောက်သောသူသည် ထမြောက်၍ သူတို့ရှိရာသို့သွားလျှင်၊ သူတို့သည် နောင်တရကြပါလိမ့်မည်ဟုဆိုသော်။ ၃၁ အာဗြဟံက သူတို့သည် မောရှေ၏စကား၊ ပရောဖက် တို့၏စကားကို နားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှ ထမြောက်သော်လည်း မယုံကြည်နိုင်ကြဟု အာဗြဟံဆိုသည်ဟု မိန့် တော်မူ၏။ **(ရှင်လုကာခရစ်ဝင် ၁၆:၁၉-၃၁)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁သက် ၄:၁၃-၁၈၊ ရောမ ၆:၂၀-၂၃၊ မဿဲ ၁၉:၁၆-၂၆၊ မဿဲ ၂၅:၄၅-၄၆ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** အကျွန်ုပ်တို့ အသက်ရှင်လုပ်ဆောင်ခဲ့သမျှအရာများအတွက် ဘုရားသခင်၏ရှေ့တွင် ဖြေရှင်းချက်များကို ပေးရ မည်ဖြစ်သည်။ ဘုရားသခင်နှင့် ထာဝရကာလတွင် အသက်ရှင်ရန်မှာ ထိုဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ယခုမိတ်သ ဟာယဖွဲ့ခြင်းအပေါ်တွင် မူတည်ပါသည်။

# တရားသူကြီး

ယေရှုခရစ်တော်သည် လူသားအားလုံးကို တရားစီရင်မည်

သင်ခန်းစာ

၄ - ၁၁

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

လူသားများ ဘုရားသခင်နှင့် မိတ်သဟာယပြန်လည်ရရှိဖို့ရန် ယေရှုခရစ်တော်သည် ဤလောကသို့ဆင်းကြွလာခဲ့ပါသည်။ မိမိအား လက်မခံသည့်သူများအား တရားစီရင်ရန်၊ ဆိုးသွမ်းသောသူများအား တရားစီရင်ရန်နှင့် နတ်ဆိုး၏လုပ်ရပ်များကို အဆုံးသတ်ရန် ယေရှု ဒုတိယအကြိမ် ဤလောကသို့ ပြန်လည်ကြွရောက်လာဦးမည်ဖြစ်သည်။ ဖြောင့်မတ်သောသူများအား ၎င်းတို့၏ယုံကြည်ခြင်းအတွက် ဆုများကို အပ်နှင်းဦးမည်ဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။ သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်သက်သာစေကြလော့။

**(သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄:၁၆-၁၈)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ဤအဖြစ်အပျက်တွင် မြေကြီးပေါ်၌ အသက်တာ၏အဆုံးတွင် ဖြစ်လာမည့်အနာဂတ်တရားစီရင်ခြင်းကို ယေရှုကြိုတင်ပြောနေခြင်းဖြစ်သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၁ ခမည်းတော်သည် သေလွန်သောသူတို့ကို ထမြောက်ရှင်ပြန်စေတော်မူသကဲ့သို့ ထိုနည်းတူ သားတော်သည်လည်း အလိုရှိသမျှသော သူတို့ကို ရှင်စေ၏။ ၂၂ လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်နည်းတူ ၂၃ သားတော်ကို ရိုသေစေမည်အကြောင်း ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ၊ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။ သားတော်ကို မရိုသေသောသူသည်ကား၊ သားတော်ကိုစေလွှတ်တော်မူသော ခမည်းတော်ကို မရိုသေသောသူဖြစ်၏။ ၂၄ ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏။ ၂၅ ငါအမှန်အကန်ဆိုသည်ကား၊ သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍ ကြားသောအားဖြင့် အသက်ရှင်ရမည့်အချိန်ကာလသည် လာ၍ ယခုပင်ရောက်လျက်ရှိ၏။ ၂၆ အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်၌အသက်ရှင်တော်မူသည်နည်းတူ၊ သားတော်သည် မိမိ၌အသက်ရှိရသောအခွင့်ကို ပေးတော်မူ၏။ ၂၇ သားတော်သည် လူသားဖြစ်သောကြောင့် တရားစီရင်ခြင်းအခွင့်ကိုလည်း အပ်ပေးတော်မူ၏။ ၂၈ ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့်၊ သင်္ချိုင်းများမှာရှိသော သူအပေါင်းတို့သည် သားတော်၏။ စကားသံကိုကြား၍၊ ၂၉ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့. ကောင်းသောအကျင့်ကို ကင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတ္တံ့။ ၃၀ ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်၊ ငါသည်ကြားသည်အတိုင်း တရားစီရင်၏။ ငါစီရင်ခြင်းသည်လည်းတရားတော်နှင့်ညီညွတ်၏။ အကြောင်းမူကား ငါသည် ကိုယ်အလိုသို့မလိုက်, ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏အလိုသို့လိုက်၏။

**(ရှင်ယောဟန်ခရစ်ဝင် ၅:၂၁-၃၀)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဗျာဒိတ် ၂၀:၁၁-၁၅၊ မာကု ၉:၄၁-၄၈၊ ၂ကော ၅:၁၀၊ ၁ကော ၃:၁၁-၁၅ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - ဖြောင့်မတ်သောသူများအ ဆုများအားအပ်နှင်းပြီး ဆိုးသွမ်းသောသူများအား တရားစီရင်ဖို့ရာ ပြန်လည်ကြွလာမည်ကို အသင့်ပြင်ထားရန် ကျွန်ုပ်တို့အား ယေရှု သတိပေးထားပါသည်။

# သခင်ဘုရား၏ပွဲတော်မင်္ဂလာ

## ကျွန်ုပ်တို့၏အပြစ်များအတွက် ခရစ်တော်အသေခံခြင်းကို ပြန်လည်အောက်မေ့သတိရခြင်း

သင်ခန်းစာ
၄ - ၁၂

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ခရစ်တော်၏ညစာစားပွဲ(ပွဲတော်မင်္ဂလာ)တွင် ပုံမှန်ပါဝင်ရန် သူ၏နောက်လိုက်များအား ယေရှုညွှန်ကြားခဲ့ပါသည်။ လူများ၏ အပြစ်အဖိုးအခအတွက် ပေးဆပ်ခြင်းတည်းဟူသော ခရစ်တော်အသေခံခြင်းအားအောက်မေ့သတိရဖို့ရန်အထိမ်းအမှတ်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

**အဓိကကျမ်းပိုဒ်** - ထိုအခါ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကားသင်တို့အဖို့အလို့ငှာ စွန့်သောငါ၏ ကိုယ်ဖြစ်၏။ ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏၊ ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်းယူ၍ ဤခွက်ကား သင်တို့အဘို့အလိုငှါ သွန်းသောငါ၏အသွေး၌ တည်သောပဋိညာဉ်တရားသစ်ဖြစ်၏။ **(ရှင်လုကာခရစ်ဝင် ၂၂:၁၉-၂၀)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ကားတိုင်ပေါ်တွင် အသေမခံမှီညမှဦ တပည့်တော်များနှင့်အတူ ယေရှုသည် ညစာကို စားခဲ့ပါသည်။ ထိုအချိန်မှာပင် သူ၏တပည့်တော်များအား ကားတိုင်ပေါ်တွင် သူ၏အသေခံခြင်းအား ပုံမှန် သတိရဖို့ရန် တောင်းဆိုခဲ့သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၇ တစ်ဖန်တုံ၊ သင်တို့သည် အကျိုးကို ပြုစုခြင်းငှာ စည်းဝေးကြသည်မဟုတ်၊ အကျိုးကိုနည်းစေခြင်းငှာ စည်းဝေးကြသည်ဖြစ်၍ ငါသည် ပညတ်ထားစဉ်တွင် သင်တို့ကို မချီးမွမ်းရ။ ၁၈ ပထမ အကြောင်းဟူမူကား၊ သင်တို့သည် အသင်းတော်၌ စည်းဝေးကြသောအခါ အချင်းချင်း ကွဲပြားခြင်းရှိသည်ကို ငါကြားရ၏။ ၁၉ ကြားရသည်အတိုင်း မှန်ကောင်းမှန်လိမ့်မည်။ အကြောင်းမူကား သင်တို့တွင် ကောင်းမွန်သော သူတို့ကို ထင်ရှားစိမ့်သောငှာ သင်းခွဲခြင်းရှိရမည်။ ၂၀ သင်တို့သည် အတူစည်းဝေးကြသောအခါ သခင်ဘုရား၏ ပွဲတော်ကို စားအံ့သောငှာ စည်းဝေးကြသည်မဟုတ်။ ၂၁ အကြောင်းမူကား သင်တို့သည် စားကြသည်တွင် ကိုယ်စီကိုယ်စီ မိမိအစာကို အရင်ယူ၍ တချို့ကား ဆာမွတ်လျက်၊ တချို့ကား စားသောက်ကြူးလျက်ရှိကြ၏။ ၂၂ သင်တို့သည် စားသောက်ရာဖို့ ကိုယ်အိမ်မရှိသလော။ သို့မဟုတ်လျှင်၊ ဘုရားသခင်၏အသင်းတော်ကို မထီမဲ့မြင်ပြု၍ ဆင်းရဲသောသူတို့ကို ရှက်ကြောက်စေသလော။ အဘယ်သို့ ငါဆိုရမည်နည်း။ ဤအမှုမှာ သင်တို့ကို ချီးမွမ်းရမည်လော။ မချီးမွမ်းရ။ ၂၃ အကြောင်းမူကား၊ သင်တို့၌ ငါအပ်ပေးသော အရာကို သခင်ဘုရားထံ၌ ငါခံရပြီ။ ခံရသောအရာဟူမူကား၊ သခင်ယေရှုသည် ရန်သူလက်သို့ အပ်နှံခြင်းကိုခံသော နေ့ညမှာ မုန့်ကိုယူ၍၊ ၂၄ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား၊ သင်တို့အဖို့အလို့ငှာ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏။ ၂၅ ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်းယူ၍ ဤခွက်ကား ငါ၏အသွေး၌တည်သောပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါခါ၊ ငါ့ကိုအောက်မေ့ဖို့ရာ သောက်ကြလော့ဟု မိန့်တော်မူ၏။ ၂၆ အကြောင်းမူကား၊ သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကို သောက်အခါခါ၊ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြကြ၏။ **(ကောရိန္သုသြဝါဒစာပထမစောင် ၁၁:၁၇-၂၆)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁ကော ၁၁:၁၇-၃၄၊ လုကာ ၂၂:၇-၃၈၊ ယောဟန် ၆:၄၇-၅၈၊ ဗျာဒိတ် ၁၉:၉ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - ပွဲတော်မင်္ဂလာသည် သခင်ဘုရားအားဂုဏ်ပြုရာအချိန်ဖြစ်ပြီး၊ ဘုရားသခင်၌ ကျွန်ုပ်တို့၏ အသက်တာကို လက်ခံနိုင်ဖွယ်ရာ ရှိမရှိ အတွ၍ြးသဘောကို ကြည့်မြင်နိုင်သည့် အချိန်လည်းဖြစ်သည်။ မိမိကိုယ်တိုင်ကို ပေးဆပ်ခဲ့သည့် သခင်ဘုရားအား နောက်လိုက်များသည် ကိုးကွယ်သင့်သည် အချိန်လည်းဖြစ်ပါသည်။

# ဗတ္တိဇံမင်္ဂလာ

ခရစ်တော်အားယုံကြည်ကြောင်း အများသူအား ကြေငြာခြင်းဖြစ်သည်

သင်ခန်းစာ
၄ - ၁၃

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယုံကြည်သူလူသစ်တစ်ယောက်၏ အသက်တာတွင် ဗတ္တိဇံမင်္ဂလာသည် အလွန်အရေးကြီးပါသည်။ အသက်တာအဟောင်းသည် သေပြီးဖြစ်ကြောင်း ရေထဲတွင် နှစ်ခြင်းအထိမ်းအမှတ်အားဖြင့် ခရစ်တော်၌ ယုံကြည်ကြောင်းကို အများသူငါအား ယုံကြည်သူလူသစ်မှ ကြေငြာခြင်းကို ဗတ္တိဇံမင်္ဂလာဟု ခေါ်ပါသည်။ ရေထဲမှ ပြန်ထသောအခါ ခရစ်တော်၌ အသစ်သောအသက်တာတွင် အသက်ရှင်ခြင်း သင်္ကေတပင်ဖြစ်ပါသည်။

**အဓိကကျမ်းပိုဒ် -** ပေတရုကလည်း သင်တို့၏အပြစ်ကို လွတ်စေခြင်းငါ နောင်တရ၍ တစ်ယောက်မျှမကြွင်း ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။

**(တမန်တော်ဝတ္ထု ၂:၃၈)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ဘေရှုတွင် ဗတ္တိဇံဆရာယောဟန်ဟုခေါ်ဝေါ်သော ညီအစ်ကို ဝမ်းကွဲတစ်ယောက်ရှိသည်။ အပြစ်မှနောင်တရခြင်းသင်္ကေတ အနေဖြင့် ဗတ္တိဇံခံကြရန် ယောဟန်သည် လူများတို့အားပြောကြားနေသည်။ ယေရှုသည် အဘယ်အပြစ်မှ မလုပ်ဖူးသော်လည်း ဗတ္တိဇံ၏အရေးကြီးခြင်းအားအခြားသူများကို ပြသရန်နှင့် ၎င်းသည် လိုအပ်သောအရာဖြစ်လျက်ဆက်လက်လုပ်ဆောင်ရန် ကိုယ်တိုင်ခံယူခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၃ ထိုအခါ ယေရှုသည် ဗတ္တိဇံကို ခံအံ့ငှာ ဂါလိလဲပြည်မှ ယော်ဒန်မြစ်နား ယောဟန်ထံသို့ကြွတော်မူ၏။ ၁၄ ယောဟန်ကလည်း၊
အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည်အကြောင်းရှိပါသည်ဖြစ်၍ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ ကြွလာတော်မူသ
လောဟု ယေရှုကိုဆီးတားလေ၏။ ၁၅ ယေရှုကလည်း အလုံးစုံသောတရားတို့ကို အကုန်အစင် ကျင့်သင့်သည်ဖြစ်၍ ယခုအခွင့်
ပေးပါဟု ပြန်ပြောတော်မူ၏။ ထိုအခါ ယောဟန်သည် ဝန်ခံလေ၏။ ၁၆ ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင် ရေမှပေါ်ထစဉ်
တွင်၊ ကောင်းသေ်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူ
သည်ကို မြင်ရ၍၊ ၁၇ ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။
**(ရှင်မဿဲခရစ်ဝင် ၃:၁၃-၁၇)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ရောမ ၆:၃-၁၃၊ မဿဲ ၂၈:၁၆-၂၀၊ ကောလောသဲ ၂:၉-၁၂၊ တမန် ၈:၂၆-၄၀ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

နိဂုံး - ယုံကြည်သူများ၏အသက်တာတွင် ရေ၌ ဗတ္တိဇံခံခြင်းသည် အရေးကြီးကြောင်း ပဋိညာဉ်တရားအသစ်ကသွန်သင်ပါသည်။ ရေ၌ဗတ္တိဇံဆိုသည်မှာ အသက်တာဟောင်းသည်သေပြီး ခရစ်တော်၌ အသက်တာအသစ်ရကြောင်း သင်္ကေတဖြစ်ပါသည်။